# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# သတ္တမပုံမှန်အစည်းအဝေး

# (၂၃) ရက်မြောက်နေ့ မှတ်တမ်း

နေပြည်တော်



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၆ |
| ၇ | ဒိုက်ဦးမြို့၊ ဖအောင်ဝဲရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသော လမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးအား သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်းလမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်စီစဉ်ထားမှုအခြေအနေကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သော သနပ်ပင်-မင်းရွာကျောင်းစု ကျောက်ချောလမ်း(၅.၆)မိုင်မှာ ယခုအခါ ပျက်စီးနေပြီဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်နှင့် ယင်းလမ်းအား တည်ဆောက်ခဲ့သောကုမ္ပဏီသည် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၁၀ | ကျောက်တော်မြို့နယ်အထက်ပိုင်း၊ကုလားတန်အနောက်ဘက်ကမ်းခြေဒေသဖြစ် | ၁၆ |

| | | |
|---|---|---|
| | သည့် ကျောက်တော်မှ မီး၀အထိ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | |
| ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးဌာနက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း | ၁၉ |
| ၁၂ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း | ၂၀ |
| ၁၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၂၆ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၂-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီး မြို့နယ်ရှိ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသော လမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးအား သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား– ရွှေဘို– မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းပိုင်းနှင့် မိုးကောင်း–ကာမိုင်း–ဖားကန့် လမ်းပိုင်းတို့အား B.O.Tစနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘတ်ဂျက်နှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သော သနပ်ပင်–မင်းရွာကျောင်းစု ကျောက်ချောလမ်း (၅.၆)မိုင်မှာ ယခုအခါ ပျက်စီးနေပြီဖြစ်သည့် အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ယင်းလမ်းအား တည်ဆောက်ခဲ့သော ကုမ္ပဏီသည် အရည်အသွေး ပြည့်မီစွာ ဆောက်ရွက်ခြင်း မရှိသည့်အတွက် အရေးယူဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ် အထက်ပိုင်း၊ ကုလားတန်အရှေ့ဘက် ကမ်းခြေဒေသဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **“တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **“တောင်သူ လယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)**
**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၃ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊
(၂) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၁၁ ရက်၊
(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၂ ရက်၊
(၄) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊
(၅) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁၁ ရက်၊
(၆) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၁ ရက်၊
(၇) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊
(၈) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊
(၉) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၂ ရက်၊
(၁၀) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၂ ရက်၊
(၁၁) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၂ ရက်၊
(၁၂) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၂ ရက်၊
(၁၃) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊
(၁၄) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊
(၁၅) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်၊
(၁၆) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊
(၁၇) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၁၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၂ ရက်၊

(၂၀) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၂၁) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၂၂) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၂၃) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၂၄) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂၅) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၁ ရက်၊

(၂၆) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဋ္ဌေး ခွင့် ၁ ရက်၊

(၂၇) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ခွင့် ၁ ရက်၊

(၂၈) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၁ ရက်၊

(၂၉) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၃၀) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည် ခွင့် ၂ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးရန်နိုင်ကျော် ခွင့် ၁ ရက်နှင့်

(၃၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၀ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၇ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေစိုးအောင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင် ဖြစ်ပါတယ်။ ဝန်းသိုမြို့အတွက် အရေးပါတဲ့ မောင်းကော်တံတားနဲ့ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့် ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ယခုပုံကတော့ ဝန်းသိုမြို့ရဲ့အခြေပြမြေပုံဖြစ်ပြီးတော့ အနီရောင်နဲ့ပြထားတာကတော့ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ဝန်းသိုမြို့ အတွက် အလွန်အရေးပါပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများအတွက် ကောလင်းမြို့ နှင့်လည်းကောင်း၊ ပင်လည်ဘူးမြို့နှင့်လည်းကောင်း၊ မန္တလေးမြို့နှင့်လည်းကောင်း ဆက်သွယ်သွား လာရာမှာ အဓိကကျတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ ယခု မေးမြန်းမယ့် မောင်းကော်တံတား တည်ရှိနေတာဖြစ်ပါတယ်။ ယခု Power Point မှာ ပြထားတဲ့တံတားဖြစ်ပါတယ်။ ၎င်းတံတားကို ၁၉၂၁ ခုနှစ်မှာ တည်ဆောက်ခဲ့တာဖြစ်တဲ့အတွက် ယခုဆိုရင် နှစ်ပေါင်း ၁၀၀ နီးပါးကြာမြင့်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် နှစ်ပေါင်းကြာမြင့်နေပြီဖြစ်တဲ့အတွက် ယိုယွင်းပျက်စီးလျက်လည်း ရှိနေပြီ ဖြစ်ပါတယ်။ ယခုပုံကတော့ မောင်းကော်တံတားရေလယ်တိုင်မှ ပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ယခု ပုံကတော့ ကမ်းကပ်ခုံနံရံပျက်စီးနေတဲ့ပုံဖြစ်ပါတယ်။ ယခုပုံကတော့ ၂၀၁၅ ခုနှစ်မှာ ဒေါင်းမြူးချောင်း ရေကြီးရေလျှံဖြစ်ပေါ်ပြီး ကမ်းထိန်းနံရံပါပျက်စီးသွားတဲ့အတွက် ပီပါခွန်များကို ကျောက်များဖြည့်ကာ သံကျောက်များဖြည့်ပြီးတော့ ယာယီပြင်ဆင်ထားရတဲ့ပုံဖြစ်ပါတယ်။ ယခုပုံကတော့ ကားတစ်စီး ဖြတ်သန်းနေတဲ့အချိန်မှာ အခြားကားများစောင့်ဆိုင်းနေရတဲ့ပုံဖြစ်ပါတယ်။ ညာဘက်ကပုံကတော့ ကျောင်းဆင်းချိန်မှာ ကျောင်းသူကျောင်းသားများ တံတားအပေါ်ဖြတ်သန်းသွားလာနေတဲ့အချိန်မှာ တစ်ဖက်မှာ ကားများကရပ်ဆိုင်းပြီး စောင့်ဆိုင်းနေရတဲ့အခြေအနေဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီတံတားဟာ ၃.၆၆ မီတာသာ ကျယ်ဝန်းတဲ့အတွက် အင်မတန်မှကျဉ်းမြောင်းနေပါတယ်။ ယခုလက်ရှိ အနေအထားအရလည်း တော်တော်ကို ကျဉ်းမြောင်းနေတယ်လို့ဆိုရမှာဖြစ်ပါတယ်။ ဒီတံတားနဲ့ ပတ်သက်ပြီးတော့ ၂၀၁၆ ခုနှစ်ကလည်း ယခင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကိုယ်တိုင်လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဒါ့အပြင် ၎င်းတံတားအပေါ်မှာ ပင်လည်ဘူး-ဝန်းသို-ကောလင်း-မန္တလေး လူစီးအမြန်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ သစ်လုံးတင်ကားများ၊ နေ့စဉ်သွားလာနေတာဖြစ်တဲ့အတွက် တံတားဟာ စိုးရိမ်ရတဲ့အနေအထားမှာ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မဲဆန္ဒရှင် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်မှ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ တံတားအမှတ်(၃/၂၁) မောင်းကော်တံတား တည်ရှိပါတယ်။ မောင်းကော်တံတားသည် ဒေါင်းမြူးချောင်းကိုဖြတ်၍ တည်ဆောက်ထားသော တံတားအမျိုးအစားဖြစ်ပြီးတော့ R.P.T တံတား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပါတယ်။ တံတားအရှည်ကတော့ ၁၁၅ ပေရှိပြီး ခန်းဖွင့်က ၂၄ ပေ တစ်ခန်း၊ ၆၄ ပေ R.P.T တစ်ခန်းနှင့် ၂၇ ပေ RC တစ်ခန်းတို့ဖြစ်ပါတယ်။ ယာဉ်သွားလမ်းအကျယ်မှာ ၃.၆၆ မီတာ တစ်လမ်းသွားပဲ ရှိတာ ဖြစ်ပါတယ်။

မောင်းကော်တံတားကို ၁၉၂၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီးတော့ ၉၇ နှစ် ကြာမြင့်ပြီဖြစ်ပါတယ်။ တံတားခံနိုင်ဝန်က ၁၃ တန်ပဲရှိပါတယ်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလမှာ ပင်လည်ဘူးဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားမှုကြောင့် ချဉ်းကပ်တံတားပြိုကျပျက်စီးခဲ့တာကနေ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ပြန်လည်ပြင်ဆင်ခဲ့ပြီးဖြစ်ပါတယ်။ တစ်နေ့တာသွားလာတဲ့ယာဉ်စီးရေကတော့ ၆၈ စီးခန့်ရှိပါတယ်။ ဒီတံတားသည် အနာဂတ်မှာဖြစ်ပေါ်လာမယ့် မူဆယ်-နမ့်ခမ်း-ထီးချိုင့်-ဝန်းသို-ပင်လည်ဘူး-ဖောင်းပြင်-တမူးလမ်းပေါ်မှာတည်ရှိပြီးတော့ အိန္ဒိယ-မြန်မာ-တရုတ် သုံးနိုင်ငံဆက်သွယ်မယ့် အဓိကလမ်းမကြီးပေါ်မှာ ဖြစ်ပေါ်လာမယ့်တံတားဖြစ်တဲ့အတွက် နှစ်လမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်ရန် လျာထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေး အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရန်ပုံငွေလျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန ကိုမေးမြန်းလိုတာကတော့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းဖြစ်တဲ့ ဗိဿနိုးမြို့ရဲ့မြို့ပတ်လမ်း တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ အုန္နဲ့တန်း-ကြက်ဖြူတောကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချော လမ်းအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းအရင်းကို ဖော်ပြပါမယ်။ ပျူမြို့ဟောင်း ဗိဿမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မြို့အဖြစ်နဲ့ ၂၀၁၄ ခုနှစ်မှာ ယူနက်စကိုအဖွဲ့အစည်းက အသိအမှတ်ပြုလိုက်ပါတယ်။ အဲဒီလိုအသိအမှတ်ပြုလိုက် တာနဲ့တစ်ပြိုင်နက် ကမ္ဘာလှည့်ခရီးသွား၊ မြန်မာ့ခရီးသွားများ လာရာက်လည်ပတ်ကြည့်ရှုဖို့၊ လေ့လာဖို့ ထိုကာလက တာဝန်ယူခဲ့တဲ့အစိုးရဟာ ဗိဿနိုးမြို့ဟောင်းရဲ့အနောက်ဘက် မြို့ပတ်လမ်းဖြစ်တဲ့ နှစ်မိုင်ရှည်တဲ့ ကုက္ကိုခြ-ပျားတုကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းအဖြစ်နဲ့လည်းကောင်း၊ ဗိဿနိုးမြို့ရဲ့အရှေ့ဘက် မြို့ပတ်လမ်းအဖြစ် တောင်တွင်းကြီး-မကွေးကားလမ်းမကြီးပေါ်မှနေ၍ ဗိဿနိုးမြို့ရဲ့ ပန်ထွာဘုရင်မကြီးတည်ထားကိုးကွယ်ခဲ့သော ရွှေရောင်တော်ဘုရားကြီးအထိ တစ်မိုင်ခွဲ လမ်းအရှည်ကို ကတ္တရာလမ်းမကြီးအဖြစ်လည်းကောင်း၊ ရွှေရောင်တော်ဘုရားကြီးမှ ကြက်ဖြူတော ကျေးရွာအထိ တစ်မိုင်အရှည်ကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း လမ်းခင်းပေးခဲ့ပါတယ်။ ဒါပေမဲ့ အစိုးရအကူးအပြောင်းကာလကြီးမှာ မြောက်ဘက်အခြမ်းဖြစ်တဲ့ ကြက်ဖြူတော-အုန္နဲ့တန်း ကျေးရွာလမ်းအပိုင်းကတော့ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရစ်နေပါတယ်။

ဗိဿနိုးနယ်မြေဟာ လေ့လာစရာတွေ တစ်နေရာတည်းမှာစုနေတာ မဟုတ်ပါဘူး။ ပြန့်ကျဲ တည်ရှိနေပါတယ်။ ဒါ့ကြောင့် မြို့ပတ်လမ်းလိုပါတယ်။ ကမ္ဘာလှည့်ခရီးသွားများဟာ ရှေးဟောင်း တူးဖော်တွေ့ရှိတဲ့နေရာတွေကို လေ့လာကြသလို ကျေးလက်လူနေမှုဘဝတွေကိုလည်းပဲ လေ့လာကြပါ တယ်။ ဒါကြောင့် ဗိဿနိုးမြို့ဟောင်းရဲ့မြောက်ဘက်ခြမ်း မြို့ပတ်လမ်းကို ကျေးရွာဘုန်းတော်ကြီးရဲ့ ဦးဆောင်မှု၊ ကျေးလက်နေပြည်သူတို့ရဲ့ နိုးကြားတဲ့စိတ်ဓာတ်နဲ့ ငွေကျပ် ၇၆ သိန်း အကုန်အကျခံပြီး ကိုယ်ထူကိုယ်ထလမ်း နှစ်မိုင်ခန့်အရှည်ကို ၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ဖောက်လုပ်ခဲ့ပါတယ်။ ဒီလို ကိုယ်ထူကိုယ်ထစိတ်အပြည့်ရှိသော (၁) ကျေးရွာသူကျေးရွာသားများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်း

ပေးနိုင်ပါရန်နှင့် (၂) ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဒေသကြီးရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ပြီး အုန္နဲ့တန်း-ကြက်ဖြူတော နှစ်မိုင်ခန့်ကျန်နေတဲ့မြေသားလမ်းလေးကို ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

ထို့အတူ ဗိဿနိုးမြို့နဲ့ ဒီရွာဒီလမ်းအကြောင်း Power Point နဲ့တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားပါတယ်ခင်ဗျား။ ဒါကတော့ ကမ္ဘာ့အမွေအနှစ် ဗိဿနိုးမြို့ဟောင်း အသိအမှတ်ပြုကျောက်စာ ဖြစ်ပါတယ်။ ဒါကတော့ ဗိဿနိုးမြို့ရဲ့အဝင်မုတ်ဦးကြီးဖြစ်ပါတယ်။ မြို့စောင့်ပျူစစ်သည်ရဲ့ကြေးရုပ်ပုံ ဖြစ်ပါတယ်။ ရှေးဟောင်းပျူဘုရား ဖြစ်ပါတယ်ခင်ဗျား။ ဒီမှာ သူ့ရဲ့ပန္နက်ပုံကိုမြင်နိုင်ပါတယ်။ ဗိဿနိုးမြို့အတွင်းကပါ။ ပျူအရိုးအိုးများနဲ့ ပျူသင်္ချိုင်းရှိပါတယ်။ ဒီဟာက ရှေးခေတ်ကတည်းက ပျူများရဲ့အလေ့အထဖြစ်ပါတယ်။ အရိုးအိုးများရှိပါတယ်။ ဗိဿနိုးမြို့ရဲ့မြို့ဝင်ပေါက်ကို တူးဖော် တွေ့ရှိထားတာ သိပ်မကြာသေးခင်ကပါ။ ဗိဿနိုးမြို့ဟောင်းရဲ့ဆိုင်းဘုတ် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံ တက္ကသိုလ်ကျောင်းသူကျောင်းသားများ ပြီးခဲ့တဲ့တစ်ပတ်က လာရောက်လေ့လာနေတာကို ကျွန်တော် ကိုယ်တိုင်သွားရောက်ပြီး ဓာတ်ပုံရိုက်ထားခြင်းဖြစ်ပါတယ်။ ယခင်က ကတ္တရာလမ်းခင်းထားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ပြီးတဲ့နောက် ခင်းထားတဲ့လမ်းဖြစ်ပါတယ်။ ဗိဿနိုးပန်ထွာဘုရင်မကြီးတည်ခဲ့တဲ့ ရွှေရောင်တော်စေတီဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံများ လုပ်နေတဲ့လက်လုပ်အိုးလေးများ ဖြစ်ပါတယ်ခင်ဗျား။ အိုးထိန်းစက်နဲ့ အိုးပုံဖော်နေခြင်းဖြစ်ပါတယ်။ ဒါတွေကို နိုင်ငံခြားသားများ အလွန်လာရောက်ပြီးလေ့လာလျက်ရှိပါတယ်။ ကျွန်တော် ခုနကတင်ပြ လိုက်တဲ့မြေသားလမ်းဖြစ်ပါတယ်။ ရှေးဟောင်းဗိဿနိုးမြို့နယ်နိမိတ်ရဲ့ အပြင်ဘက်ကလမ်း ဖြစ်ပါ တယ်။ ဗိဿနိုးမြို့ရဲ့နေဝင်ဆည်းဆာအလှဖြစ်ပါတယ်။ ကျေးရွာမှကိုယ်ထူကိုယ်ထ နွားလှည်းများနဲ့ လမ်းခင်းနေတဲ့ပုံ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းလေးကို ကျောက်ချောလမ်းအဖြစ်နဲ့ အဆင့်မြှင့်တင် ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တော်ပါသေးရဲ့။ မေးခွန်းရှင် ဦးမင်းသိန်းရဲ့ပုံ မပါလာလို့။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းမေးမြန်းထားတဲ့ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုး ယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတောကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ၊ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတောကျေးရွာချင်းဆက်လမ်း ၂ မိုင် ၁ ဖာလုံသည် ဗိဿနိုး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှာ တည်ရှိပါတယ်။ လက်ရှိလမ်းအခြေအနေကတော့ ကျေးရွာမှဆောင်ရွက်ထားတဲ့ တစ်ကြောင်းထိုးလမ်းလေးသာဖြစ်ပြီးတော့ ရွှေရောင်တော်ဘုရားလမ်းမှ

တစ်ဆင့် မကွေး-တောင်တွင်းကြီးလမ်းသို့ ဆက်သွယ်သွားလာနိုင်ပြီးတော့ ကျေးရွာသုံးရွာ၊ အိမ်ခြေ ၅၃၈ နှင့် လူဦးရေ ၂၆၅၀ ကိုအကျိုးပြုမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ၊ မြို့ပတ်လမ်းဖြစ်သော အုန္နဲ့တန်း-ကြက်ဖြူတောကျေးရွာချင်းဆက်မြေသားလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ပြည်ထောင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် အမာခံမြေသားလမ်းစတင်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့လည်း ညှိနှိုင်းပါတယ် ခင်ဗျား။ မကွေးတိုင်းဒေသကြီးအစိုးရကလည်း ဗိဿနိုးယဉ်ကျေးမှုနယ်မြေသည် ဦးစားပေးနယ်မြေ ဆိုပြီးတော့ ကျွန်တော်တို့နဲ့ ညှိနှိုင်းတဲ့အတွက် ၂၀၁၉-၂၀၂၀ ခုနှစ်ကစပြီးတော့ အဲဒီလမ်းသည် မကွေးတိုင်းဒေသကြီးအစိုးရကလည်း ရန်ပုံငွေထည့်သွင်းလျာထားပြီးဖြစ်တဲ့အတွက် လမ်းတွေကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသော လမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆိုတံတားကြီးအား သစ်သားတံတားမှ သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော် များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့်ခညောင်း ပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ယနေ့ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့မှာ မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်သော ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသောလမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆိုတံတားကြီးအား သစ်သား တံတားမှ သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်း ဆက်သွယ်ရေးဟာ အဓိကအရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ထို့အတူပဲ လမ်းပန်းဆက်သွယ် ရေးလို့ပြောတာကနဲ့ မပါမဖြစ်ပါတာကတော့ တံတားများပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် အစိုးရအနေနဲ့လမ်းတံတားများကို ရည်ရွယ်ချက်ရှိရှိနဲ့ စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။ အခုကျွန်တော်မေးမြန်းတဲ့ ဘိုင်းဒါးချောင်း၊ ချောင်းဆိုတံတားကြီးဟာ အမြင့်ပေ ၁၈ ပေခန့်ရှိပြီး အရှည်ပေ ၁၅၀ ခန့်ရှည်လျားပါတယ်။ ဒိုက်ဦးမြို့ ရဲ့အရှေ့ဘက် ၅ မိုင်ကျော်အကွာအဝေးမှာရှိပြီး ကလိကျေးရွာအုပ်စုအတွင်းမှာ တည်ရှိပါတယ်။ ဒိုက်ဦး၊ နှင်းဝိကျေးရွာ၊ ပန္တတ်ကျေးရွာများကို ဆက်သွယ်ထားသော အဓိကကုန်ထုတ်လမ်းမကြီးပေါ်

မှာ တည်ရှိနေပါတယ်။ တစ်နည်းအားဖြင့် ညောင်လေးပင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်ကိုဆက်သွယ်ပေးထားသော လမ်းမကြီးလည်းဖြစ်နေပါတယ်။ နေ့စဉ်နှင့်အမျှ ဆိုင်ကယ်အစီး ၅၀၀ ကျော်ဖြတ်သန်းသွားလာပြီး ကျေးရွာပေါင်း ၁၂ ရွာမှ အိမ်ထောင်စုပေါင်း ၂၇၀၀ ကျော်၊ လူဦးရေ ၃၀၀၀၀ ကျော်ဖြတ်သန်းသွားလာနေရပါတယ်။ အဲဒီဒေသမှာရှိတဲ့ လယ်မြေဧကပေါင်း ၁၀၀၀၀ ကျော်မှာထွက်ရှိသော စပါး၊ ပဲများနှင့် ထုတ်ကုန် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးနေသော လမ်းမကြီးမှာတည်ရှိနေတဲ့ တံတားတစ်စင်းလည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုဖို့ခွင့်ပြုပေးပါရန် တင်ပြတောင်းခံအပ်ပါတယ်။ ဒီပုံကတော့ မိုးတွင်းအခါမှာ ချောင်းဆုံတံတားကြီး ကျိုးကျနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒီပုံကတော့ လက်ရှိ မကြာသေးခင်အပတ်ကမှသွားပြီးတော့ ရိုက်ယူထားတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကတော့ ဟိုဘက်ဒီဘက်သွားလာနေတဲ့လမ်းပဲဖြစ်ပါတယ်။ တံတားကြီးက တော်တော်ကို ပျက်စီးယိုယွင်းနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ပုံပါ။ ဒါကတော့ အဲဒီတံတားကိုအသုံးပြုတဲ့ ဆိုင်ကယ်တွေ တစ်ခဏတာအတွင်းမှာပဲ များပြားစွာသွားလာနေတဲ့အတွက် စောင့်ဆိုင်းနေရတဲ့ပုံပဲဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီသစ်သားတံတားကြီးကို နိုင်ငံတော်မှ တည်ဆောက်ပေးမည်ဆိုပါက ဒိုက်ဦးမြို့သို့ အချိန်တိုတိုအတွင်းမှာ ကုန်ကျစရိတ်သက်သာစွာဖြင့်ရောက်ရှိပြီး အဲဒီဒေသမှာရှိတဲ့ ကျေးလက်နေပြည်သူတို့၏လူနေမှုဘဝ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုလည်း ပိုမိုမြန်ဆန်လာပြီး ကျေးလက်နေဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးကမှအစ အကျိုးစီးပွားဖြစ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။ ယခုဆိုရင် ၅ မိုင်ကျော်ဝေးတဲ့နေရာကို ကုန်ထုတ်တံတားမရှိတဲ့အတွက် ၁၅ မိုင်ခန့်ဝေးသော ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့မှ ဝေ့ဝိုက်ပြီး လှည့်ပတ်သွားလာနေရတဲ့အတွက်ကြောင့် အချိန်ကိုများစွာ ကြန့်ကြာစေပြီး ကုန်ကျစရိတ်လည်းများပြားလွန်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါသောကြောင့် ကျေးရွာပေါင်း ၁၂ ရွာ၊ လူဦးရေပေါင်း ၃၀၀၀၀ ကျော် နေ့စဉ်နှင့်အမျှ ဖြတ်သန်းသွားလာနေသော ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးအား သံကူကွန်ကရစ်တံတားအဖြစ် အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများရဲ့ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသော လမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးအား

သစ်သားတံတားမှ သံကူကွန်ကရစ်တံတားကြီးအဖြစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက်မှ နှင်းဝိကျေးရွာသို့ သွားသောလမ်းမကြီးပေါ်တွင်တည်ရှိသည့် ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းပေါ်ရှိ တံတား ဖြစ်ပါတယ်။ ဒိုက်ဦးမြို့ ဖအောင်ဝဲရပ်ကွက်၊ နှင်းဝိလမ်းပေါ်ရှိ သစ်သားတံတားအား သံကူကွန်ကရစ် တံတားအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြတောင်းခံပေးသွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်းလမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်စီစဉ်ထားမှုအခြေအနေ ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်က မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုလမ်းမ ကြီးနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းများအား B.O.T စနစ်ဖြင့်ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းကိုမေးမြန်းရတဲ့ ကျိုးကြောင်းဖော်ပြချက်ကို တင်ပြရရင် မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုလမ်းမကြီးဟာ ကျွန်တော့်မဲဆန္ဒနယ်ထဲမှာ ၄၆ မိုင်ပါဝင်ပြီး မြို့နယ်တစ်ခုလုံးအဓိကအားထားအသုံးပြုနေရတဲ့ လမ်းမကြီးဖြစ်ပါတယ်။ အဲဒီလမ်းမကြီး ဟာ ၂၀၁၇ ခုနှစ်တစ်နှစ်လုံး ပြုပြင်ထိန်းသိမ်းခြင်းမရှိခဲ့တဲ့အတွက် ကတ္တရာလမ်းများဟာ ပေါက်ပြဲပျက်စီးလျက်ရှိပါတယ်။ လမ်းဦးစီးကို ပြုပြင်ဖို့အတွက် မေးမြန်းရာမှာ B.O.T ပေးဖို့ရှိတာ ကြောင့် ပြင်/ထိန်းအတွက်တင်တဲ့ဘတ်ဂျက်ကို ခွင့်မပြုတဲ့အတွက် ပြုပြင်နိုင်ခြင်းမရှိတဲ့အကြောင်း ဖြေကြားလာပါတယ်။ ထို့အတူပဲ မိုးကောင်း-ကာမိုင်း-ဖားကန့်-ကျောက်စီလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကတ္တရာလမ်းခင်းမယ်လို့ ကြားခဲ့ရပြီး အဲဒီလမ်းပိုင်းကလည်း B.O.T ပေးမယ့်အထဲ ပါတယ်ဆိုပြီး ဘတ်ဂျက်ပြန်ရုပ်သိမ်းသွားတယ်လို့ သိရပါတယ်။ နောက်တစ်ခုက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ခဲ့တဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်က ကွန်ကရစ်တံတား ၁၂ စင်းက လည်း ကတ္တရာထပ်မခင်းနိုင်တဲ့အတွက် ဖြတ်သန်းသွားလာသမျှ ဆိုင်ကယ်တွေ၊ ယာဉ်တွေ အခက်အခဲ ဖြစ်နေကြရပါတယ်။ အဲဒီတံတားတွေ ကတ္တရာခင်းဖို့လည်း B.O.T ပေးမှာမို့ ဘတ်ဂျက်တင်တာ ခွင့်မပြုခဲ့ကြောင်း သိရပါတယ်။ လမ်းအခြေအနေများ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒါကတော့ ပြည်ထောင်စုလမ်းမကြီးက ပျက်စီးနေတဲ့လမ်းအပိုင်းတွေ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မိုးကောင်း-ကာမိုင်း-ဖားကန့်-ကျောက်စီလမ်းအခြေအနေဖြစ်ပါတယ်။ ဒါကလည်း မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအခြေအနေဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကတ္တရာထပ်မခင်းရသေးတဲ့ ကွန်ကရစ်တံတားတွေ အခြေအနေဖြစ်ပါတယ်။ ဒီဟာလည်း ကွန်ကရစ်တံတားတွေဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့လမ်းတွေဟာ ကျွန်တော့်မဲဆန္ဒနယ်သာမက တစ်ပြည်နယ်လုံးရဲ့အသက်သွေးကြောအဖြစ် အားထားအသုံးပြုနေရတဲ့ လမ်းမကြီးတွေ ဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုကို အဓိကအသုံးပြုနေရတာနဲ့အညီ ကုန်တင်ယာဉ်ကြီးများ၊ ဖားကန့်ဒေသကို နေ့စဉ်အမှုသယ်ယူပို့ဆောင်နေတဲ့စက်ယန္တရားများ၊ ဆီသည်ယာဉ်တွေကြောင့်မို့လို့ ဒီနှစ်မိုးတွင်းဆိုရင် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားပျက်စီးသွားဦးမလဲဆိုတာ ဒေသခံတွေများစွာ စိုးရိမ်ပူပန်နေကြပါတယ်။ သို့ဖြစ်ပါ၍ မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းအပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအပိုင်းတို့အား မည်သည့်ကာလတွင် B.O.T စနစ်ဖြင့်ဆောင်ရွက်မည်နှင့် B.O.T စနစ်ဖြင့် မဆောင်ရွက်နိုင်သေးမည့်ကာလအတွင်း မည်ကဲ့သို့ပြုပြင်ထိန်းသိမ်းသွားပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်မှ မေးမြန်းထားတဲ့ မြစ်ကြီးနား-ရွှေဘို-မန္တလေးပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်အတွင်းလမ်းပိုင်းနှင့် မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပိုင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ရန်အတွက် မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ခွင့်ပြုပေးခဲ့ပါတယ်။ သို့သော်လည်းပဲ အဆိုပါကုမ္ပဏီသည် နမ္မတီးမှ လဝါးအထိမိုင် ၂၀ သာလျှင် ကတ္တရာကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီးတော့ ကျန်အပိုင်းများကို လုံခြုံရေးတည်ငြိမ်မှုမရှိခြင်းကို အကြောင်းပြပြီးတော့ ဝင်ရောက်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ ၁၄-၂-၂၀၁၈ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာလည်းပဲ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၏ မေးမြန်းချက်ဖြစ်တဲ့ B.O.T ကုမ္ပဏီမှ ဝင်ရောက်ဆောင်ရွက်ခြင်းမရှိတဲ့ ဒီလမ်းပိုင်းကို ကုမ္ပဏီထံမှပြန်လည်သိမ်းယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးတော့မှာ ဖြစ်ပါကြောင်းကို ဖြေကြားခဲ့ပြီးတော့ ကချင်ပြည်နယ်အစိုးရအဖွဲ့ကိုလည်း

ဆောင်ရွက်မည့် အစီအစဉ်ကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ဒီမနက် Viber ဆက်သွယ်ချက်အရ ရှင်ဗွေယန်လမ်းပိုင်းဟာ အခုဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဝန်ထမ်းတွေဝင်ရောက်ဆောင်ရွက်ပြီးတော့ သွားလို့ရနေပြီးဖြစ်ကြောင်း ဒီမနက်ပဲသတင်းရပါပြီခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းပေါ်ရှိ တံတား ၁၂ စင်း၏ ချဉ်းကပ်လမ်းများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရွှေဘို-မြစ်ကြီးနားလမ်းပိုင်းကတော့ B.O.T ပေးဖို့မရှိပါဘူးခင်ဗျား။ ဒီအပိုင်းတွေကို ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီးတော့၊ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ပိုင်းဖြစ်တဲ့ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းရှိပါတယ်။ အဲဒီ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းဟာ ပြီးခဲ့တဲ့ ၅ နှစ်တာကာလမှာက ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နဲ့ ကုမ္ပဏီတစ်ခုကို B.O.T လုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ သို့သော်လည်းပဲ အဆိုပါကုမ္ပဏီသည် မငြိမ်းချမ်းဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ လုပ်ငန်းတွေမလုပ်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက်နောက်ပိုင်းမှာ ကချင်ပြည်နယ်အစိုးရသစ်နဲ့ ညှိနှိုင်းပြီး အဆိုပါကုမ္ပဏီထံကနေ ပြန်လည်သိမ်းယူပြီးဖြစ်ပါတယ်။ သိမ်းယူပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ထမ်းများနဲ့ အခုဆိုလို့ရှိရင်တော့ ဝင်ရောက်ပြီးတော့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း နောက်ထပ်လမ်းပိုင်းဖြစ်တဲ့ လဝါး-လဝါး-ပန်ဆောင်လမ်းပိုင်း ရှိပါတယ်။ လဝါး-ပန်ဆောင်လမ်းပိုင်းကလည်းပဲ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီအနေနဲ့ မငြိမ်းချမ်းမှုကို အကြောင်းပြပြီးတော့ ဝင်ရောက်ဆောင်ရွက်ခြင်းမရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကချင်ပြည်နယ်အစိုးရကို ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း ကျွန်တော်တို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အင်ဂျင်နီယာဌာနဝန်ထမ်းများဖြင့် ဝင်ရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခုလို အကျယ်တဝင့်ဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးမြန်းတဲ့ လမ်းနှစ်လမ်းလုံးကို B.O.T စနစ်နဲ့ဆောင်ရွက်ဖို့ မရှိသေးဘဲ ပြည်ထောင်စုလမ်းမကြီးကိုလည်း အမြန်ဆုံးပြုပြင်ပေးသွားမယ်ဆိုတာ သိရတဲ့အတွက် အထူးပဲဝမ်းသာပါတယ်။ နောက်ပြီး ဝန်ကြီးရှင်းလင်းရာမှာပါတဲ့ မိုးကောင်း-ကာမိုင်းလမ်းကလည်း အခုဆိုရင် Power Point မှာတင်ပြထားသလိုပဲ အတော်ကိုပျက်စီးနေတာဖြစ်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာတော့ အခုဆောင်ရွက်နေပြီလို့ ပြောတာဖြစ်ပါတယ်။ ကျွန်တော် မနေ့ကမှ ကျွန်တော့်မဲဆန္ဒနယ်က အဖွဲ့တွေကို ဓာတ်ပုံရိုက်ပြီးပို့ခိုင်းထားတဲ့ လတ်တလောဖြစ်နေတဲ့ ပုံတွေဖြစ်ပါတယ်။ အခုချိန်ထိတော့ ပြုပြင်ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ ဒီလမ်းပိုင်းဟာ ဆောင်းခါ-လပိုင်-ကထောင်-နန့်ဟိုင်-စေတုံစတဲ့ ရွာအကြီးတွေက ဒေသခံတိုင်းရင်းသားတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စတွေအတွက် အဓိကအသုံးပြုနေရတဲ့ လမ်းဖြစ်ပါတယ်။ တစ်ဆက်တည်းတင်ပြရရင် နမ္မတီး-လီဒိုလမ်းမကြီးကို ၂၉-၁-၂၀၁၈ ရက်နေ့ကတည်းက ဖြတ်သန်းခွင့်

မပြုတဲ့အတွက် တနိုင်းကိုသွားမယ့် ယာဉ်တွေအားလုံးဟာ နမ့်တီး-မိုးကောင်း-ကာမိုင်း၊ အဲဒီကနေ တစ်ဆင့် လဝါးကိုပြန်ခေါက်ပြီးတော့ ဒါတစ်ကွေ့တစ်ဝိုက်ကြီးသွား အသုံးပြုနေရတာဖြစ်ပါတယ်။ အဲဒီအတွက် နဂိုပုံမှန်သွားလာနေတဲ့ယာဉ်တွေအပြင် တနိုင်းကိုသွားသမျှယာဉ်တွေကလည်း ဒီလမ်းပေါ်မှာ ဆက်ပြီးသုံးနေရတဲ့အတွက် ဒီလမ်းကပိုပြီးမှ ပျက်စီးဆိုးရွာလာဖို့အခြေအနေရှိနေပါတယ်။ ဒီအတွက်ကြောင့်မို့လည်း ကမ္ဘာကျော်ကျောက်စိမ်းတွေနဲ့ နိုင်ငံဘဏ္ဍာငွေအမြောက်အမြားရှာပေးနေတဲ့ ကျောက်စီလမ်းလေးကိုရော ဘယ်ဘတ်ဂျက်နှစ်လောက်မှာ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးနိုင်မလဲဆိုတာလေးလည်း တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆက်စပ်မေးခွန်းကို ဖြေကြားပါမယ်ခင်ဗျား။ ဒီအပိုင်းတွေနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ပြောရလို့ရင်တော့ အခု ကျွန်တော်တို့သွားရောက်ဆောင်ရွက်ရတဲ့ ဒီဝန်ထမ်းတွေ အပိုင်းမှာက ဘာလိုအပ်လာလဲဆိုလို့ရှိရင် လုံခြုံရေး။ အခုဆိုလို့ရှိရင် နှစ်ပတ်လောက်ကစပြီး သွားလို့ရပြီဆိုပြီးတော့ အကြောင်းကြားလာပါတယ်။ အကြောင်းကြားလာတဲ့အတွက် ကျွန်တော်တို့အဖွဲ့တွေ အားလုံးက လုံခြုံရေးနဲ့သွားပါတယ်။ သွားတဲ့အချိန်မှာလည်း လုံခြုံရေးကပြန်ဆုတ်ဆိုတဲ့အချိန်မှာ အတူတကွတွဲပြီးတော့ ပြန်ဆုတ်ရတာတွေရှိပါတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့နံပါတ်(၁)အရေးကြီးဆုံးအပိုင်းဖြစ်တဲ့ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုသည် အရေးကြီးတဲ့အတွက် အခုကျွန်တော်တို့အဖွဲ့တွေဝင်နေတဲ့အခါမှာ ဘယ်တပ်ကနေလာရလဲဆို လွိုင်ကော်တပ် ခ.လ.ရ(၂၅၀)က လွိုင်ကော်ကလာပြီးတော့ ကျွန်တော်တို့ကို လာ Joint ပြီးတော့ ကျွန်တော်တို့သွားလို့ရအောင် လွိုင်ကော် ခ.လ.ရ (၂၅၀)ကနေပြီးတော့ တွဲပြီးသွားရပါတယ်။ သွားတော့ အခု Target က အခက်အခဲကဘာလဲဆိုတော့ မိုင်းတွေမြှုပ်ထားတဲ့အခါကျတော့ ခရီးကမတွင်ပါဘူးခင်ဗျား။ အဲတော့ မိုင်းကိုအရင်ရှင်း၊ ရှင်းပြီးမှ နောက်ကနေဆက်တွဲလိုက်ဆိုတော့ Target ထားတာသည် လာမယ့်နှစ်ပတ်အတွင်းမှာ ဆွမ်ပရာဘွမ်-ပူတာအိုထိပေါက်အောင်လုပ်မယ်။ ဒါက တစ်ပိုင်း။ တစ်ဖက်မှာလည်း ခုနကပြောတဲ့ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းပိုင်းရှိပါတယ်။ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းကတော့ ကျွန်တော်တို့ အခုချိန်မှာက အခုကရန်ပုံငွေကြောင့် အခုကတော့ အထောက်အကူပြုတပ်ဖွဲ့များလည်း ရှိတဲ့အတွက် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ရန်ပုံငွေရတာနဲ့ ဒီလမ်းက ကတ္တရာလမ်းအဆင့် ပြန်လည်မြှင့်တင်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ ဒီဒေသငြိမ်းချမ်းရေးပါပဲခင်ဗျား။ ဒေသငြိမ်းချမ်းရေးကောင်းတာနဲ့ လမ်းတွေအားလုံးဟာ အဆင့်မြှင့်တင်ဆောင်ရွက်ပေးဖို့၊ ဒေသလည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်ခင်ဗျား။

**၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့သော သနပ်ပင်-မင်းရွာကျောင်းစု ကျောက်ချောလမ်း(၅.၆)မိုင်မှာ ယခုအခါ ပျက်စီးနေပြီဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ယင်းလမ်းအား တည်ဆောက်ခဲ့သောကုမ္ပဏီသည် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်-မင်းရွာကျောင်းစုကျောက်ချောလမ်းကို ဒုတိယအကြိမ်ပြင်ပြီး မကြာခင်ပျက်စီးသွားနဲ့ပတ်သက်လို့ မေးမြန်းလိုတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်-မင်းရွာကျောင်းစုလမ်းကို ၁၉၉၅-၁၉၉၆ ခုနှစ်က စပြီးတော့ လမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေက ကိုယ်ထူကိုယ်ထသံဃာတော်တွေ၊ ရပ်မိရပ်ဖတွေက ပြုပြင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီလမ်းကို ၂၀၁၂ ခုနှစ်မှာ ပြည်သူ့လွှတ်တော် ပထမအကြိမ်မှာ မေးမြန်းခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ ခုနှစ်နဲ့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွေမှာ သိန်းပေါင်း ၆၀၀၀ ခန့် အကုန်အကျခံပြီးတော့ ကျောက်ချောလမ်း ၉.၁ မိုင်အဖြစ် တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီ တည်ဆောက်စဉ်ကလည်း လမ်းဟာ အရည်အသွေးမမီတဲ့အတွက် လပိုင်းမှာပဲ ပြန်လည်ပျက်စီးခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်က သက်ဆိုင်ရာကျေးလက်ဦးစီးဌာနကို တင်ပြညှိနှိုင်းပြီးတော့ ကုမ္ပဏီတွေက တင်ဒါစည်းကမ်းအတိုင်း ပြန်ပြီးတော့လုပ်ပေးဖို့တင်ပြတဲ့အခါမှာ ပြန်မလုပ်ပေးဘဲနဲ့ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ကျမှ သဘာဝဘေးအန္တရာယ်ရန်ပုံငွေနဲ့ ပြန်ပြီးတော့တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီအခါမှာ သိန်းပေါင်း ၁၈၇၀ ခန့်နဲ့ ပြန်တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီလမ်းကလည်း ဆောက်ပြီးသိပ်မကြာခင်မှာပဲ ပြန်လည်ပျက်စီးခဲ့ပါတယ်။ အဲဒီတော့ တည်ဆောက်စဉ်အခါမှာလည်း လမ်းကော်မတီတွေ၊ ကြီးကြပ်တဲ့အဖွဲ့တွေ၊ ဒေသခံတွေကနေပြီးတော့ ကန့်ကွက်ပါတယ်။ ကျောက်ကမကောင်းဘူး၊ အရည်အသွေးမမီဘူး။ ပြန်လည်လုပ်ပေးပါလို့ပြောလို့ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေက အဲဒီလမ်းကိုသွားကြည့်ပြီးတော့ အကြိမ်ကြိမ်ညှိနှိုင်းပေးခဲ့ရပါတယ်။ ဒါပေမဲ့လည်း လမ်းဟာ ပြုပြင်ပြီး သိပ်မကြာခင် သုံး၊ လေးလမှာပဲ ပြန်လည်ပျက်စီးခဲ့ပါတယ်။ ကျေးဇူးပြုပြီးတော့ လမ်းရဲ့အခြေအနေကို Power Point နဲ့ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ လမ်းရဲ့အခြေအနေပဲဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်နှစ်ကာလဟာ ကျွန်တော်တို့ ပြည်သူ့အစိုးရသစ်ရဲ့ ပထမဆုံးဆောင်ရွက်တဲ့ ဘတ်ဂျက်နှစ်ဖြစ်ပါတယ်။ ပြည်သူတွေဟာ ပြောင်းလဲချိန်တန်ပြီဆိုပြီးတော့ မဲပေးခဲ့ကြတာပါ။ သက်ဆိုင်ရာအစိုးရများနှင့် ဌာနဆိုင်ရာတွေရော၊ ကုမ္ပဏီတွေပါပြောင်းလဲဖို့ သင့်ပါတယ်။ တင်ဒါစည်းမျဉ်းစည်းကမ်းပါအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း ကြပ်မတ်စစ်ဆေးရန် တာဝန်ရှိသလို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခြင်းမရှိတဲ့ကုမ္ပဏီတွေကိုလည်း ထိရောက်စွာ စံပြအဖြစ် အရေးယူအပြစ်ပေးရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ သနပ်ပင်-မင်းရွာကျောင်းစုလမ်း

ဟာ ကျေးရွာပေါင်း ၃၀ ကျော်ရဲ့ အဓိကဆက်သွယ်တဲ့လမ်းဖြစ်သလို ကုန်ထုတ်ဆက်သွယ်ရေးလမ်း လည်းဖြစ်ပါတယ်။ ဝေါနဲ့သနပ်ပင်ဆက်သွယ်တဲ့ မြို့နယ်ချင်းဆက်လမ်းလည်း ဖြစ်ပါတယ်။ ဒီလမ်း ကိုသာ အဆင့်မြှင့်တင်ပေးမယ်ဆိုလို့ရှိရင် နှစ်မြို့နယ်ကပြည်သူတွေအတွက် အင်မတန်မှ အကျိုး ဖြစ်ထွန်းမှာ၊ ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေကလည်း ကျေးဇူးတင်ဝမ်းမြောက် ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ သနပ်ပင်-မင်းရွာကျောင်းစု ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အရည်အသွေးပြည့်မီစွာဆောင်ရွက်ခြင်းမရှိတဲ့ ဆောက်လုပ်ရေးကုမ္ပဏီကို အရေးယူဆောင်ရွက်ပေး ရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးမြန်းထားတဲ့ သနပ်ပင်မြို့နယ်၊ သနပ်ပင်-မင်းရွာကျောင်းစု ကျောက်ချောလမ်း(၅.၆)မိုင် အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၈၇ သန်းဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ပြီး ယခုအခါ ပြန်လည်ပျက်စီးနေပြီဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောက်ရွက် ပေးပါရန်နှင့် ယင်းလမ်းအား တည်ဆောက်ခဲ့သောကုမ္ပဏီသည် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ခြင်းမရှိသည့်အတွက် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်ကို ဆက်သွယ်ထားသော သနပ်ပင်-မင်းရွာ ကျောင်းစု ကျောက်ချောလမ်းအရှည် ၉ မိုင် ၂ ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအနေဖြင့် ၅ မိုင် ၆ ဖာလုံအား ငွေကျပ် ၁၈၇ သန်း ဖြင့် Kinetic Art ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ Kinetic Art ကုမ္ပဏီနှင့် ချုပ်ဆိုထားသောစာချုပ်အရ အာမခံကာလအတွင်းပျက်စီးပါက ပြန်လည်ပြုပြင် ဆောင်ရွက်ပေးရမည် ဟုပါရှိသဖြင့် ကုမ္ပဏီမှ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးတော့ ပြီးစီးပြီဖြစ်ကြောင်း တင်ပြလာပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် သနပ်ပင်-မင်းရွာကျောင်းစုလမ်းအား စာချုပ်ပါစည်းကမ်းများအတိုင်း ကုမ္ပဏီမှဆောင်ရွက်ခဲ့ခြင်းရှိ/မရှိ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး တော့ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ကုမ္ပဏီအား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ယခင်တာဝန်ယူဆောင်ရွက်ခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ဆက်လက် အကြောင်းကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်-မင်းရွာကျောင်းစုလမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class-A ဦးစားပေးအဆင့်(၁)မှာ ပါဝင်ပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးကို ဦးစားပေးအပိုင်းလိုက် ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်သွား မှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ပြုပြင်တည်ဆောက်ပြီးပြီလို့တော့ပြောတယ်။ ဦးမြင့်ဦး တစ်ချက် လောက် လွှတ်တော်နားရင်တော့ ပြန်လည်ပြုပြင်တည်ဆောက်ပြီး/မပြီး နည်းနည်းလေ့လာပေးပါ။

**ကျောက်တော်မြို့နယ်အထက်ပိုင်း၊ ကုလားတန်အနောက်ဘက်ကမ်းခြေဒေသဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တော်မဲဆန္ဒနယ်က ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်း ကို မမေးခင်မှာ ကျွန်တော် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းထဲမှာပါတဲ့ စာသားတချို့ စာစီ အမှားတချို့ကို ပြင်ဆင်ခွင့်ပေးဖို့ ဦးစွာတင်ပြလိုပါတယ်။ ကျောက်တော်မြို့နယ်အထက်ပိုင်း၊ ကုလားတန်အရှေ့ဘက်ကမ်းခြေဒေသဖြစ်သည့်နေရာမှာ ကျောက်တော်မြို့နယ်အထက်ပိုင်း၊ ကုလားတန်အနောက်ဘက်ကမ်းခြေဒေသအဖြစ်နဲ့ ပြင်ဆင်ခွင့်ပေးဖို့ ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော် ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်သွယ်မေးမြန်းလာတဲ့အခါမှာလည်းပဲ ကျွန်တော် ကျယ်ကျယ်ပြန့်ပြန့် ဒီဒေသအခြေအနေမှန်တွေကို ကျွန်တော်ရှင်းပြထားတာလည်း ရှိပါ တယ်။ ကျွန်တော့်မေးခွန်းထဲမှာလည်း ကျယ်ကျယ်ပြန့်ပြန့်ရေးထားပါတယ်။ ဒီကမ်းခြေဟာ မိသားစုပေါင်း ၃၀၀၀ ကျော်ရှိပါတယ်။ လူပေါင်း ၂၀၀၀၀ ကျော်လောက်နေထိုင်ပါတယ်။ ကျောက်တော်မြို့နယ်ရဲ့အဓိကကျတဲ့ကမ်းခြေတစ်ခုလည်း ဖြစ်ပါတယ်။ ဒီဒေသကလူတွေရော၊ ဒီဒေသ ရဲ့အခြေအနေကိုသိတဲ့ ကျောက်တော်မြို့နယ်က လူတော်တော်များများကလည်း ဒီဒေသရဲ့အခြေအနေ တွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်မှုအခြေအနေဆိုးရွားတဲ့အနေအထားတွေကို အမြဲတမ်းကျွန်တော်တို့ ကို တင်ပြတဲ့အတွက် ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် ရှည်ရှည်ဝေးဝေး ဆွေးနွေးဖို့မရှိပါဘူး။ ဒါကြောင့် မေးခွန်းထဲမှာပါတဲ့ ကျောက်တော်မြို့နယ်အထက်ပိုင်း ကုလားတန် အနောက်ဘက်ကမ်းခြေဒေသဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ရွာချင်းဆက်လမ်းများ ဖောက်လုပ် ပေးဖို့အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညွှန်ကြားရေးမှူးချုပ်။ အဲဒီကုလားတန်အရှေ့ဘက်ဆိုတဲ့နေရာမှာ အနောက်ဘက်ကို မှတ်တမ်းမှာပြန်ပြီးတော့ ပြင်ပေးလိုက်ပါ။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းမှ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အထက်ပိုင်း ကုလားတန်အရှေ့ဘက်ကမ်းခြေဒေသဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ကျေးရွာချင်းဆက်လမ်းများအား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးမဖြေခင် အခုနက မေးခွန်းပြောင်းထားပါတယ်။ ကုလားတန်အရှေ့ဘက်မဟုတ်ဘူး။ အနောက်ဘက်။ အနောက်ဘက်နဲ့ဖြေပါ။ တကယ်လို့ အရှေ့ဘက်ပဲ ဖြေဖို့ပါလာတယ်ဆိုလို့ရှိရင်တော့ ကိုယ်ဖြေနိုင်တဲ့အချိန်တောင်းရင်လည်း တောင်းပါ။ မေးထားတဲ့မေးခွန်း ပြန်ပြောင်းထားပါတယ်။ အရှေ့ဘက်မဟုတ်ပါဘူး။ ကုလားတန်အနောက်ဘက် ဖြစ်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ အရှေ့ရော၊ အနောက်ရော ဖြေပါ့မယ်ခင်ဗျား။ ကျောက်တော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းမှ မေးမြန်းထားတဲ့ ကျောက်တော်မြို့နယ်အထက်ပိုင်း၊ ကုလားတန်မြစ်အရှေ့ဘက်၊ အနာက်ဘက် ကမ်းခြေဒေသများဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဖော်ပြပါမြေပုံက ကျောက်တော်မြို့နယ်နဲ့ ပလက်ဝမြို့နယ်ကို ဆက်သွယ်တဲ့လမ်းကြောင်းနှင့် အဆိုပါလမ်းပေါ်ရှိ ကျေးရွာများကို ဆက်သွယ်တဲ့လမ်းကြောင်းတို့ကို ဖော်ပြထားတာဖြစ်ပါတယ်။ အစိမ်းရောင်ဖြင့်ဖော်ပြထားတဲ့လမ်းကြောင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ ကျောက်တော်-ပလက်ဝလမ်းဖြစ်ပြီးတော့ ယခုဆိုလျှင်တော့ ရာသီမရွေးသွားလာနိုင်တဲ့လမ်း ဖြစ်ပါတယ်။ တံတားတွေအားလုံးကလည်း ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ ဖော်ပြပါက ကစ္စပနဒီမြစ်ရဲ့အရှေ့ဘက်ကမ်း ပေါက်တော-ကျောက်ဂူ-ရွှေပြည်အထိ လမ်းအရှည် ၁၁ မိုင် ၄ ဖာလုံသည် ကျေးလက်လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ဖော်ပြပါပုံမှာကတော့ အနီရောင်လမ်းကြောင်းလေး ဖြစ်ပါတယ်။ အဆိုပါ ကျောက်တော်-ရွှေပြည်ရွာမှ အရှေ့ဘက်ကမ်းရွာများဖြစ်သည့် သာစည်၊ ကုလားမနိုင်၊ မာလာစသည့်ရွာများ၏အခြေအနေမှာ အဝါရောင်နဲ့ပြထားတဲ့လမ်းတွေက လမ်းမရှိသေးပါဘူး။ ကျေးလက်လမ်းအူကြောင်းကို ရှာဖွေတိုင်းတာလျက်ရှိပါတယ်။ လမ်းအူကြောင်းရှာဖွေတိုင်းတာပြီးရင်တော့ ကျေးလက်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ ကျောက်တော်မြို့၊ ကစ္စပနဒီမြစ်ရဲ့ အနောက်ဘက်ခြမ်းဖြစ်တဲ့ အလည်ကျွန်းဈေး၊ ရွာမ၊ နတ်တောင်၊ ရတနာ၊ နံလျားကုန်း၊ ဒယ်ဖြူ၊ သံပုရာဒေါင့်၊ သံပူစတဲ့ရွာတွေက ကစ္စပနဒီမြစ်ရဲ့အနောက်ဘက်ကမ်းမှာရှိတဲ့ ရွာတွေဖြစ်ပြီးတော့ အဆိုပါရွာတွေမှာ လမ်းလုံးဝမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ အဆိုပါရွာတွေရဲ့ကျေးရွာချင်းဆက်လမ်းများကိုလည်း ကစ္စပနဒီမြစ်အရှေ့ဘက်ကမ်းရွာများအတွက် လမ်းအူကြောင်းရှာဖွေတိုင်းတာ

ပြီးတဲ့နောက်မှာ အနောက်ဘက်ကမ်းကို လမ်းအူကြောင်းရှာဖွေတိုင်းတာရန်အတွက် အဲဒီမှာရှိတဲ့ Survey အဖွဲ့ကို ကျွန်တော် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်အထက်ပိုင်းကစ္စပနဒီမြစ်၏ အရှေ့ဘက်ကမ်းဖြစ်တဲ့ ကျေးရွာများရော အနောက်ဘက်ကမ်းကျေးရွာများပါ လမ်းများဖောက်လုပ်ပေးရန်အတွက် ပထမဦးဆုံးအနေနဲ့ အရှေ့ဘက်ကမ်းရွာများကို Survey တိုင်းတာပြီးစီးပါက အနောက်ဘက်ကမ်းရွာများကိုပါ လမ်းအူကြောင်းတိုင်းတာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လမ်းအူကြောင်းတိုင်းတာခြင်း လုပ်ငန်းများပြီးစီးပါက လမ်းစာရင်းသိမ်းသွင်းပြီးတော့ ရန်ပုံငွေများတင်ပြတောင်းခံပြီး လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)။** ။ ရှင်းပြသွားတဲ့ဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဝန်ကြီးဖြေတဲ့အထဲမှာတော့ ကုလားတန်မြစ်ရဲ့အရှေ့ရော၊ အနောက်ရောဖြေမယ်လို့ပြောခဲ့ပေမဲ့ တကယ်တမ်းကျတော့ အဖြေထဲမှာတော့ အနောက်ဘက်ကမ်းဒေသမပါသေးပါဘူးခင်ဗျား။ အခုနကပြောသွားတဲ့ ဝန်ကြီးပြောတာက အရှေ့ရော၊ အနောက်ရောဆိုတာက ကုလားတန်မြစ်ရဲ့အရှေ့ဘက်က လမ်းရဲ့အရှေ့နဲ့အနောက်ကို ပြောသွားတာပါခင်ဗျား။ မြစ်ရဲ့အရှေ့နဲ့အနောက် မဟုတ်ပါဘူး။ ကျွန်တော်မေးတာက ကစ္စပနဒီ(ခ)ကုလားတန်မြစ်ရဲ့အနောက်ဘက်ကမ်းဒေသ ကျောက်တော်ကနေ မီးဝအထိပါ။ အဲဒီမှာ ဒီနေ့အချိန်အထိ ရွာချင်းဆက်လမ်း၊ တစ်ရွာနဲ့တစ်ရွာ ဆက်သွယ်ဖို့လမ်းတောင် မရှိသေးပါဘူး။ ရွာပေါင်း ၃၀ ကျော်လောက်ရှိပါတယ်။ အဲဒီလမ်းကိုပဲ ကျွန်တော်မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနက မေးမြန်းတဲ့အခါမှာလည်း ကျွန်တော် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရှင်းပြဖူးပါတယ်။ ဒီဒေသဟာ ဒီလိုအခြေအနေရှိပါတယ်။ ကုလားတန်မြစ်ရဲ့အနောက်ဘက်ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်မေးခွန်းမှာ လွဲမှာစိုးတဲ့အတွက် ဒီလိုပြောထားဖူးတာလည်း ရှိပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ နေပါ။ ကျွန်တော်ပြောလိုက်ပါမယ်။ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ အဲဒီလိုမေးခွန်းကို ကိုယ်လွဲတယ်ဆိုလို့ရှိရင် ကြိုတင်ပြီးတော့ ညွှန်ကြားရေးမှူးချုပ်ဆီ သတင်းပို့နိုင်ပါတယ်။ စာရေးပြီးတော့ မေးခွန်းကို ပြင်ခွင့်ရှိပါတယ်။ ပြင်နိုင်ပါတယ်။ ဒီမှာ ကျွန်တော်တို့ တင်ထားတဲ့မေးခွန်းကို အခုနက တရားဝင်တင်ထားတာ၊ ဒီမှာရိုက်တာများ မှားလို့လားလို့ တင်ထားတာကြည့်လိုက်တော့ တင်ထားတာမှာလည်း ကုလားတန်မြစ်အရှေ့ဘက်ပါ။ အရှေ့ဘက်ပဲ တင်ပါတယ်။ အရှေ့ဘက်တင်ထားတဲ့အခါကျတော့ ကျွန်တော်တို့က ဝန်ကြီးဌာနကို ဒီမေးခွန်းအတိုင်းပို့လိုက်တယ်။ ဒီမေးခွန်းပို့လိုက်တဲ့အခါကျတော့ ဝန်ကြီးဌာနကလည်း အရှေ့ဘက်အတိုင်းပဲ စီစဉ်ပြီးတော့ ဖြေဖို့ကလုပ်လာတယ်။ ဒီကျမှ ပြုန်းစားကြီး ကြိုတင်ပြီးတော့ ကျွန်တော်တို့ကို ပြင်တယ်ဆိုတဲ့ဟာ အကြောင်းကြားခြင်းမရှိဘဲနဲ့ ပြုန်းစားကြီး အနောက်ဘက် ဖြစ်သွားတဲ့အခါကျတော့လည်း အဖြေက အခုနကလို အနာတခြား၊ ဆေးတခြား ဖြစ်တာပေါ့။ သို့သော်လည်း ကျွန်တော်ပြောချင်တာက အခု ဝန်ကြီးဌာနအနေနဲ့

ကုလားတန်မြစ်အနောက်ဘက် သိသွားပြီဆိုလို့ရှိရင် ဒီမေးခွန်းကိုတော့ ပြန်ပြီးတော့ စာနဲ့ရေးပြီးတော့ မေးခွန်းရှင်ဆီကို ပြန်လည်ပြီးတော့ ဖြေကြားပေးလိုက်ပါ။ ဒီလောက်ဆိုရပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများ ဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ယနေ့အစည်းအဝေးမှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေမူကြမ်းနှင့်စပ်လျဉ်းပြီး အဆိုပြုတင်ပြထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေအား ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၇)နဲ့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်။ ယခုအခါမှာ အဆိုပါဥပဒေကို ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်ရေးဆွဲရန်လိုအပ်ချက်အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းအဖြစ် ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဦးစွာတင်ပြခဲ့တဲ့အလျှောက် ၈-၆-၂၀၁၇ ရက် ရက်စွဲပါစာအမှတ်၊ ၅/၃၂၀(၅ ပထစ)/အဖရ ၂၀၁၇ ဖြင့် ခွင့်ပြုမှုနှင့်အညီ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးရေးသားပြုစုခဲ့ပါတယ်။ ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဥပဒေရေးရာ အကြံပြုချက်များရယူခဲ့ပြီးတဲ့နောက် ယင်းအကြံပြုချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်

ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ဆက်လက်ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဒွေးငွေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်လူငယ်ခေါင်းဆောင်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဒွေးငွေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၈ - ၁၁၂

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဖေ ဖော် ဝါ ရီ လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၀)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ကျိုးကြောင်းဖော်ပြချက်များကိုအခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းများကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန်၊

(ခ) မူလဥပဒေတွင် တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းတစ်ခုအတွက်သာ ရေးဆွဲထားသကဲ့သို့ ဖြစ်နေပါ၍ တိရစ္ဆာန်မွေးမြူခြင်း လုပ်ငန်းများအတွက်ပါ အားလုံးအကျုံးဝင်လာစေရန်၊

(ဂ) တောင်သူလယ်သမားများ ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းစနစ်များကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး စရိတ်ချေးငွေများကို ပိုမိုကျယ်ပြန့်စွာချေးယူခွင့်ရရှိစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀-၂-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း) ၁/ ၂၀၁၈ - ၁၁၂

ရက် စွဲ ၊ ၂ ဝ ၁ ၈ ခု နှစ်၊ ဖေ ဖော် ဝါ ရီ လ ၂၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၄-၁၁-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၆/ ၁၂/ ၁၀ (၃၄၀)/ပထစ - ၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကို အခြေခံ၍ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့နှင့် လုပ်ငန်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်ရန်၊

(ခ) မူလဥပဒေတွင် တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးခြင်းလုပ်ငန်းအတွက်သာ ရေးဆွဲထားသကဲ့သို့ ဖြစ်နေသဖြင့် တိရစ္ဆာန်မွေးမြူခြင်း လုပ်ငန်းများအတွက်ပါ အကျုံးဝင်စေရန်၊

(ဂ) တောင်သူလယ်သမားများ ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းစနစ်များကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးစရိတ်ချေးငွေ များကို ပိုမိုကျယ်ပြန့်စွာချေးယူခွင့်ရရှိစေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၂၀-၂-၂၀၁၈ ရက် (အင်္ဂါနေ့)တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၂၀ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကိုဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ၊ ရက်**

**(၂၀၁၈ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၁၁။ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ မိရိုးဖလာ မွေးမြူရေးမှ စနစ်တကျ မွေးမြူရေးလုပ်ကိုင်နိုင်ရေးအတွက်လည်းကောင်း လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရမည်။

(ဃ) အပိုဒ် ၁၂ ရှိ ပုဒ်မ ၁၆ ပုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) အစိုးရ သတ်မှတ်ခွင့်ပြုသည့်ဘဏ် သို့မဟုတ် တောင်သူလယ်သမားများ အကျိုးစီးပွားအလို့ငှာ ချေးငွေလုပ်ငန်းဆောင်ရွက်ရန် အထူးကိစ္စရပ် အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရက သတ်မှတ်ခွင့်ပြုသည့် ကုမ္ပဏီ၊ အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းမှ နှစ်စဉ်၊ နှစ်တိုနှင့် နှစ်ရှည် ချေးငွေများထုတ်ချေးခြင်း၊ ပြန်လည်ပေးဆပ်ခြင်းတို့ကို လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(င) အပိုဒ် ၁၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ ပုဒ်မ ၁၈ တွင် ပါရှိသည့် ဦးဆောင်အဖွဲ့သည် မျိုးစေ့၊ ဆိုသည့်စကားရပ်ကို ဦးဆောင်အဖွဲ့သည် မျိုး၊ မျိုးစေ့၊ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အာမခံ စံချိန်စံညွှန်း ချို့ယွင်းမှု၊ ဆိုသည့်စကားရပ်ကို အာမခံ စံချိန်စံညွှန်းချို့ယွင်းမှု သို့မဟုတ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၄။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော် သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေဟာ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကာကွယ်ဖို့နဲ့ အကျိုးစီးပွားမြှင့်တင်ဖို့အတွက် ရည်ရွယ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ လက်တွေ့ဘဝနဲ့ ကိုက်ညီဖို့၊ ပကတိမြေပြင်အခြေအနေနှင့်ညီညွတ်ဖို့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ ထဲထဲဝင်ဝင် လေ့လာသုံးသပ်ပြီးတော့ ဒီဥပဒေကို ဂရုတစိုက် ပြုစုပေးစေလိုပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို

တိတိကျကျဖော်ပြ၍ ၅-၃-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၃။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၀း၅၃ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ (၂၇.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Kyaw Lin | U Nay Soe Aung




U Kyaw Lin | U Min Thein




U Kyaw Lin | U Phone Myint Aung




U Kyaw Lin | U Win Naing




U Kyaw Lin | U Myint Oo




U Kyaw Lin | U Oo Tun Win

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်